# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၃/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ မေလ(၉) ရက်

| ၉ - ၅ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၂၅၃.၁ |
| စင်္ကာပူဒေါ်လာ | ၁၅၄၇.၉ |
| စတာလင်ပေါင် | ၂၆၂၀.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၃၄၇.၀ |
| တရုတ်ယွမ် | ၂၉၀.၆၀ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၆၇ |
| အိန္ဒိယရူပီး | ၂၅.၁၅၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၃.၁၁ |
| မလေးရှားရင်းဂစ် | ၄၄၂.၉၇ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၅၉၂ |
| ထိုင်းဘတ် | ၅၆.၈၄၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၅၂၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယသည် စိုက်ပျိုးရေးဂိယာစာရင်းဇယားများကို သိရှိနိုင်ရန်အတွက် ဒစ်ဂျစ်တယ် ကောက်ပဲသီးနှံစစ်တမ်းများ ဆောင်ရွက်သွားမည်

➢ Maharashtra ပြည်နယ်တွင် ရွေးကောက်ပွဲအတွက် မဲပေးခြင်းများမပြုမီ ကြက်သွန်နီတင်ပို့မှုပိတ်ပင်ချက်ကို ရုတ်သိမ်းပေးခဲ့

➢ အိန္ဒိယသည် စားတော်ပဲတင်သွင်းမှုအတွက် အခွန်ကင်းလွတ်ခွင့်အား လေးလသက်တမ်းတိုး

➢ အိန္ဒိယသည် မောရစ်သျှနိုင်ငံသို့ ဘာစမာတီမဟုတ်သော ဆန်ဖြူ ၁၄၀၀၀ တန် တင်ပို့ခွင့်ပြု

➢ တရုတ်နိုင်ငံ၌ သီးနှံအထွက်နှုန်း တိုးလာခြင်းကြောင့် သွင်းကုန်လျော့ကျလာမည်

➢ တရုတ်နိုင်ငံ၏ အခြား BRICS အဖွဲ့ဝင်များနှင့် ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်တွင် (၁၁.၃)% မြင့်တက်လာခဲ့

➢ ရုန်ဟိုင်းသည် တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းကို အမေရိကန်ဒေါ်လာ (၄၀) ဘီလီယံနီးပါးအထိ ရောက်ရှိရန် တွန်းအားပေးခဲ့

➢ ရုရှားအစိုးရက ဓာတ်မြေဩဇာအကောက်ခွန်မဲ့တင်ပို့ခြင်းအတွက် ခွဲတမ်းသတ်မှတ်

- **အထွေထွေသတင်းများ**

➢ ရုရှားရင်းနှီးမြှုပ်နှံမှုသည် အိန္ဒိယစီးပွားရေး၏ မဟာဗျူဟာမြောက်ကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၁.၂၆ ဘီလီယံအထိ ရောက်ရှိ

## အိန္ဒိယသည် စိုက်ပျိုးရေးလယာစရင်းဇယားများကို သိရှိနိုင်ရန်အတွက် ဒစ်ဂျစ်တယ် ကောက်ပဲသီးနှံစစ်တမ်းများ ဆောင်ရွက်သွားမည်

အိန္ဒိယသည် နိုင်ငံတစ်ဝှမ်းရှိ စိုက်ပျိုးဧကများကို တိတိကျကျသိရှိနိုင်ရန်အတွက် ဉာဏ်ရည်တု (AI) နှင့် အဆင့်မြင့် ခွဲခြမ်းစိတ်ဖြာမှု ကျောထောက်နောက်ခံပြုထားသော ဒစ်ဂျစ်တယ် ကောက်ပဲသီးနှံစစ်တမ်းများကို ပုံမှန်ဆောင်ရွက်ခြင်းဖြင့် ၎င်း၏လယ်ယာစာရင်းအင်းစနစ်အား ခိုင်မာအားကောင်းစေရန် စီစဉ်နေကြောင်း အကြီးတန်းအရာရှိများက ပြောကြားခဲ့သည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် အစိုးရ၏လက်တွေ့ကျသော လယ်ယာစိုက်ပျိုးရေး ထွက်ရှိမှုကြိုတင်ခန့်မှန်းခြင်းများကို ပိုမိုအထောက်အကူဖြစ်စေနိုင်မည်ဟုမျှော်လင့်ကြောင်း၊ ထို့ပြင် ယင်းသည် သင့်လျှော်သည့်ကုန်သွယ်မှုဆိုင်ရာမူဝါဒများချမှတ်ဆောင်ရွက်ရန်အတွက် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း၊ မမှန်ကန်သော ကိန်းဂဏန်းများသည် အစိုးရ၏ ငွေကြေးဖောင်းပွမှု ထိန်းချုပ်ရေးအစီအစဉ်များကို မမောက်ကမဖြစ်စေနိုင်သကဲ့သို့ ကုန်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေကြောင်း၊ အားလုံးအဆင်ပြေမှုရှိပါက ဒစ်ဂျစ်တယ်စစ်တမ်းကို လာမည့်နွေရာသီကစပြီး ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမည်မဖော်လိုသည့် အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ဌာနဆိုင်ရာများသည် အများအားဖြင့် သီးနှံမျိုးစေ့ကြဲခြင်းဆိုင်ရာ အချက်အလက်များအတွက် ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းလေ့လာမှုများမှ ရရှိသည့်အချက်အလက်ပေါ်တွင်မှီခိုနေရပြီး ယင်းသည်တစ်ခါတစ်ရံတွင် ယုံကြည်စိတ်ချရမှုမရှိကြောင်း လယ်ယာအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စုဆောင်းခြင်းသည်လည်း အရေးကြီးကြောင်းလည်း ၎င်းကပြောကြားထားပါသည်။

ဒစ်ဂျစ်တယ် ကောက်ပဲသီးနှံစစ်တမ်းနှင့် သက်ဆိုင်ရာ ဝက်ဘ်ဆိုဒ်အက်ပလီကေးရှင်းများ၏ မိုဘိုင်းအက်ပလီကေးရှင်းများအတွက် သီးနှံမျိုးစေ့ကြဲခြင်းဆိုင်ရာ အချက်အလက်စုဆောင်းခြင်းများကို ပြည်နယ်များအလိုက် တာဝန်ပေးအပ်ထားသူ အရာရှိများက ကောက်ခံဖြည့်သွင်း သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် တောင်သူများ သက်သာချောင်ချိရေး ဝန်ကြီးဌာနမှသည် စိုက်ပျိုးရေးယာခန့်မှန်းချက်များကို တိကျမှန်ကန်စေရန်အတွက် GIS-GPS နည်းပညာများနှင့် AI/ML (machine learning) ကဲ့သို့သော နောက်ဆုံးပေါ်နည်းပညာတိုးတက်မှုများဖြစ်သည့် ရှင်းလင်းလွယ်ကူသော ရုပ်ပုံကားချပ်များ၊ အဆင့်မြင့်ခွဲခြမ်းစိတ်ဖြာမှုများနှင့်အတူ ခိုင်မာသော သီးနှံစစ်တမ်းစနစ်တစ်ခု ကိုဖန်တီးရန်ရည်ရွယ်ထားကြောင်းနှင့် ရာသီချိန်အတွင်း သီးနှံကျန်းမာရေး စောင့်ကြည့်ရေးစနစ်များ ပိုမိုကောင်းမွန်လာစေရန် ဝန်ကြီးဌာနက လုပ်ဆောင်နေကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ယမန်နှစ်တွင် စမ်းသပ်ဆောင်ရွက်မှုအနေဖြင့် ပြည်နယ် ၁၂ ခုတွင် ဒစ်ဂျစ်တယ်ကောက်ပဲသီးနှံစစ်တမ်းကိုစတင်ခဲ့ပြီး ကနဦးရလဒ်များကို အားတက်ဖွယ်တွေ့ရှိခဲ့

Agribusiness & Trade

ကြောင်း၊ ယခုစီမံချက်ကို အတိုင်းအတာတစ်ခုအထိတိုးချဲ့ကာ နိုင်ငံတစ်ခုလုံးကို မလွှမ်းခြုံမီ ပြည်နယ်အများအပြားတွင် ထပ်တိုးဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ပြီးခဲ့သောနှစ်တွင် စမ်းသပ်ဆောင်ရွက်ခဲ့သော ပြည်နယ်များမှာ Madhya Pradesh, Karnataka, Telangana, Andhra Pradesh, Uttar Pradesh, Rajasthan, Tamil Nadu, Maharashtra, Odisha, Assam နှင့် Gujarat တို့ဖြစ်ကြသည်။

အမျိုးသားစာရင်းအင်းကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူ ပရိုနာ့ဆန်က "တိကျသော စိုက်ပျိုးရေး အချက်အလက်များကိုစုဆောင်းခြင်းသည် ခိုင်မာသော လယ်ယာစာရင်းအင်းစနစ်တစ်ခု တည်ဆောက်ရန်အတွက်အရေးကြီးကြောင်းနှင့် စီစဉ်ထားသော စနစ်သစ်သည် အထောက်အကူ ဖြစ်နိုင်သော်လည်း အချိန်အနည်းငယ်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရက ၂၀၂၂ ခုနှစ်တွင် ဂျုံထွက်ရှိမှု ကောင်းမွန်မည်ဟု ခန့်မှန်းခဲ့ပြီး ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချရန်ကတိပြုခဲ့ပြီး ရက်အနည်းငယ်အတွင်း ဈေးကွက်သို့ ဂျုံဝင်ရောက်မှုနည်းသောကြောင့် အစိုးရဝယ်ယူရေးအစီအစဉ်များ ကမောက်ကမဖြစ်ခဲ့သဖြင့် ဂျုံတင်ပို့မှုကို ရုတ်တရက်ပိတ်ပင်ခဲ့ရမှုနောက်ပိုင်းတွင် ပိုမိုကောင်းမွန်သောလယ်ယာစာရင်းအင်းစနစ်အတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: Digital crop survey on cards to fine-tune farm statistics, The Economic Times,

## Maharashtra ပြည်နယ်တွင် ရွေးကောက်ပွဲအတွက် မဲပေးခြင်းများမပြုမီ ကြက်သွန်နီတင်ပို့မှုပိတ်ပင်ချက်ကို ရုတ်သိမ်းပေးခဲ့

ကြက်သွန်နီ အဓိကစိုက်ပျိုးထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သည့် Maharashtra ပြည်နယ်တွင် တတိယအဆင့်မဲပေးမှုများမစတင်မီ အိန္ဒိယဗဟိုအစိုးရသည် ယမန်နှစ်ဒီဇင်ဘာလက ချမှတ်ထားသော ကြက်သွန်နီတင်ပို့မှု တားမြစ်ချက်ကို ရုတ်သိမ်းရန် စနေနေ့က ကြေညာခဲ့သည်။

နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT) မှ ကြက်သွန်နီများကို အနည်းဆုံး ပို့ကုန်ဈေးနှုန်း (MEP) တစ်တန်လျှင် ကန်ဒေါ်လာ ၅၅၀၊ ပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်းဖြင့် တင်ပို့ခွင့်ပြုကြောင်း စနေနေ့က ထုတ်ပြန်ခဲ့သည်။

ပြည်ပသို့ တင်ပို့မှု ပိတ်ပင်လိုက်ခြင်းသည် နိုင်ငံ၏ ကြက်သွန်နီထွက်ရှိရာဒေသဟု လူသိများသော Maharashtra နှင့် Marathwada ဒေသရှိ ကြက်သွန်စိုက်တောင်သူများကို ထိခိုက်စေခဲ့

ကြောင်း ယင်းဒေသနှစ်ခုသည် တစ်နိုင်ငံလုံး ကြက်သွန်ထုတ်လုပ်မှုသည် ၄၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ကြောင်း၊ ကြက်သွန်တင်ပို့မှုတားမြစ်ချက်ဆုံးဖြတ်ချက်အတွက် လယ်သမားများကမကျေမနပ်ဖြစ်ပြီး အချို့သောနေရာများတွင် ယခုနှစ်ဇန်နဝါရီလကတည်းက ကန့်ကွက်မှုများရှိခဲ့ ကြောင်း သိရသည်။

အဆိုပါ မကျေနပ်ချက်သည် ဂူဂျာရတ်ပြည်နယ်မှထွက်ရှိသော အဖြူရောင်ကြက်သွန် (white onion) တန်ချိန် ၂၀၀၀ အား ပြည်ပသို့တင်ပို့ရန် အစိုးရမှ ဧပြီလ ၂၅ ရက်နေ့တွင် ဖြေလျှော့ပေးပြီးနောက် ပိုမိုမြင့်မားလာကြောင်းနှင့် ဂူဂျာရတ်သည် ပြည်ပဝယ်လိုအားများသော အဖြူရောင်ကြက်သွန် အများဆုံးထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ Bhavnagar နှင့် Amreli တို့သည် ဂူဂျာရတ်၏ ထိပ်တန်းကြက်သွန်အထွက်ရှိသော ခရိုင်များဖြစ်ပြီး ရွေးကောက်ပွဲတွင် အောက်လွှတ်တော် (Lok Sabha) အတွက် နေရာနှစ်ခုထားရှိကြောင်း သိရသည်။

Maharashtra ပြည်နယ်ရှိ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ပြီး လယ်သမားများသည် ဂူဂျာရတ်အတွက် ဆောင်ရွက်ပေးမှုကဲ့သို့ ၎င်းတို့အတွက် အလားတူ ဖြေလျှော့မှုများ ဆောင်ရွက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ယခု ကြက်သွန်နီတင်ပို့မှုအား ခွင့်ပြုပေးခြင်းသည် ကြိုဆိုရမည့် ဆောင်ရွက်ချက်တစ်ခုဖြစ်သော်လည်း နောက်ကျသွားပြီဖြစ်ကြောင်း၊ ပထမဦးစွာ ကြက်သွန်နီတင်ပို့မှုပိတ်ပင်ခြင်းမှာ မဖြစ်သင့်ကြောင်း၊ ပို့ကုန်တားမြစ်ချက်ကိုရုတ်သိမ်းမည်ဆိုလျှင်လည်း ပြည်နယ်အားလုံးအတွက် ဖြစ်သင့်ကြောင်း ကြက်သွန်စိုက် တောင်သူတစ်ဦးက ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် တတိယအဆင့် မဲပေးမှုများမစတင်မီ ကြက်သွန်နီ ပြည်ပတင်ပို့မှုအား ခွင့်ပြုခဲ့မှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: Export ban lifted before voting in Maharashtra onion belt, The Economic Times,

............................................................................................................

## အိန္ဒိယသည် စားတော်ပဲတင်သွင်းမှုအတွက် အခွန်ကင်းလွတ်ခွင့်အား လေးလသက်တမ်းတိုး

အိန္ဒိယသည် စားတော်ပဲအား အကောက်ခွန်မဲ့တင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ လေးလသက်တမ်းတိုးခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်တစ်ခုအရ သိရသည်။

Agribusiness & Trade

အိန္ဒိယအစိုးရမှ ပဲမျိုးစုံဈေးနှုန်းတည်ငြိမ်မှုရှိစေရန် အစိုးရ၏ ဈေးကွက်ထိန်းကြောင်း ဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအဖြစ် ဒီဇင်ဘာလအစောပိုင်းတွင် စားတော်ပဲအား အခွန်ကင်းလွတ်ဖြင့် တင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ် မတ်လအထိ ခွင့်ပြုခဲ့ပြီးနောက် သက်တမ်းတိုးမြှင့်ခြင်းကို ပထမအကြိမ်တွင် ဧပြီလထိလည်းကောင်း၊ ဒုတိယအကြိမ်တွင် ဇွန်လအထိလည်းကောင်း ပြင်ဆင်သတ်မှတ်ခဲ့သည်။

အိန္ဒိယသည် ကနေဒါနှင့် ရုရှားနိုင်ငံတို့မှ စားတော်ပဲကို အဓိကတင်သွင်းပြီး စားတော်ပဲအပေါ် အခွန် ၅၀ ရာခိုင်နှုန်းကောက်ခံခြင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရှိရသည်။

အိန္ဒိယသည် ပဲမျိုးစုံကို စားသုံးမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ပြီး ၎င်း၏ စားသုံးမှုလိုအပ်ချက်အတွက် ပဲအမျိုးအစားတစ်ချို့ကို တင်သွင်းမှုမှတစ်ဆင့် ဖြည့်ဆည်းပေးနေရသည်။ အိန္ဒိယနိုင်ငံသည် ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကို အဓိကစားသုံးသည်။

အိန္ဒိယအစိုးရ၏ ပဲဈေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်မှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ပြီးခဲ့သည့်စက်တင်ဘာလတွင် ပဲစင်းငုံနှင့် မတ်ပဲ သိုလှောင်မှုယာကန့်သတ်ချက်များကို ဒီဇင်ဘာ ၃၁ ရက်အထိ နှစ်လချမှတ်ခဲ့ပြီး အချို့သောကုန်သည် လုပ်ငန်းရှင်များအတွက် သိုလှောင်ထားရှိနိုင်သည့် ပမာဏကန့်သတ်ချက်များကိုလည်း ပြင်ဆင်သတ်မှတ်ခဲ့သည်။ ယင်းသိုလှောင်မှု ကန့်သတ်ချက်နှင့် ကာလကိုပြန်လည်ပြင်ဆင်ခြင်းသည် ဈေးကစားရန်အတွက် သိုလှောင်ခြင်းမှ ကာကွယ်ရန်ဖြစ်ပြီး ပဲစင်းငုံနှင့် မတ်ပဲများ ဈေးကွက်အတွင်းသို့ စဉ်ဆက်မပြတ် လုံလောက်သော ပမာဏဝင်ရောက်၍ ပဲမျိုးစုံကို ဈေးနှုန်းချိုသာစွာရရှိနိုင်စေရန်ဖြစ်ကြောင်း စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် အများပြည်သူဖြန့်ဖြူးရေးဝန်ကြီးဌာနက ပြောကြားထားသည်။

ထို့ပြင် လယ်သမားများအတွက် မက်လုံးအမျိုးမျိုးအပါအဝင် အစီအမံများစွာ ဆောင်ရွက်ခဲ့သော်လည်း အိန္ဒိယသည် ၎င်း၏ပြည်တွင်းလိုအပ်ချက်အတွက် ပဲမျိုးစုံတင်သွင်းမှုအပေါ် မှီခိုနေရဆဲဖြစ်သည်။ ပဲမျိုးစုံတင်သွင်းမှုသည် ၂၀၂၃-၂၄ တွင် နှစ်ဆနီးပါး မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃.၇၄ ဘီလီယံအထိ ရှိခဲ့သည်။

တရားဝင်ကိန်းဂဏန်းများကို ထုတ်ပြန်ကြေငြာခြင်းမပြုရသေးသော်လည်း ကြိုတင်ခန့်မှန်းချက်တွက်ချက်မှုများအရ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပဲမျိုးစုံ တန်ချိန် ၂၄.၅ သိန်းသာ တင်သွင်းခဲ့သော်လည်း ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၄၅ သိန်းကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

Agribusiness & Trade

ပြည်တွင်းဝယ်လိုအားနှင့် ဈေးနှုန်းကို ထိန်းညှိရန်အတွက် အစိုးရသည် ပဲမျိုးစုံတင်သွင်းမှုအတွက် ဘရာဇီးနှင့် အာဂျင်တီးနားကဲ့သို့သော ဈေးကွက်သစ်များနှင့် နှစ်ရှည်စာချုပ် ချုပ်ဆိုနိုင်ရေးကိုလည်း ညှိနှိုင်းနေကြောင်း အစိုးရသတင်းရင်းမြစ်များက ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ရွေးကောက်ပွဲကာလအတွင်း၌ ပဲမျိုးစုံဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် စားတော်ပဲတင်သွင်းရာတွင် အခွန်ကင်းလွတ်ခွင့်အား လာမည့် အောက်တိုဘာလအထိ သက်တမ်းတိုးမြှင့်ပေးခဲ့မှုအခြေအနေကို သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India extends duty-free import of yellow peas by four months, The Economic Times,

.......................................................................................................................

## အိန္ဒိယသည် မောရစ်သျှနိုင်ငံသို့ ဘာစမာတီမဟုတ်သော ဆန်ဖြူ ၁၄၀၀၀ တန် တင်ပို့ခွင့်ပြု

အိန္ဒိယနိုင်ငံသည် တနင်္လာနေ့တွင် ဘာစမာတီမဟုတ်သော ဆန်ဖြူတန်ချိန် သန်း ၁၄၀၀၀ ကို National Cooperative Exports Limited (NCEL) မှတဆင့် မောရစ်သျှနိုင်ငံသို့ တင်ပို့ခွင့်ပြုခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှု အထွေထွေ ညွှန်ကြားမှုဦးစီးဌာန (DGFT) က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို တားမြစ်ခဲ့သော်လည်း အခြားသောနိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် အဆိုပါနိုင်ငံများ၏ မေတ္တာရပ်ခံတောင်းဆိုလာမှုများကို အခြေခံ၍ ယင်းနိုင်ငံများသို့ တင်ပို့မှုများအား ခွင့်ပြုသွားမည်ဟု ပြောကြားထားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီအတွင်း အိန္ဒိယသည် ဘာစမာတီမဟုတ်သော ဆန်ဖြူ တင်ပို့မှုမှ ဒေါ်လာ ၇၉၀. ၅၈ သန်း သာရရှိထားသဖြင့် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် တင်ပို့နိုင်မှု ကန်ဒေါ်လာ ၂.၂ ဘီလီယံနှင့် နှိုင်းယှဉ်ပါက သိသိသာသာလျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယမှ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့သည့် အဓိကနိုင်ငံများမှာ ကင်ညာ၊ မိုဇမ်ဘစ်နှင့် ဗီယက်နမ်တို့သည် ဖြစ်ပြီး မောရစ်သျှနိုင်ငံသို့ တန်ဖိုး ကန်ဒေါ်လာ ၇.၄၈ မီလီယံ တင်ပို့ထားကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ ဆန်ဖြူအဓိက တင်ပို့နေသည့်နိုင်ငံများကို သိရှိနိုင်ပါရန်နှင့် အိန္ဒိယ၏ ဆန်ဖြူတင်ပို့မှုပိတ်ပင်ထားသည့်ကာလအတွင်း ယင်းဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: India allows 14,000 MT non-basmati white rice exports to Mauritius, The Economic Times,

## တရုတ်နိုင်ငံ၌ သီးနှံအထွက်နှုန်း တိုးလာခြင်းကြောင့် သွင်းကုန်လျော့ကျလာမည်

တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံ အထွက်နှုန်းသည် လာမည့်ဆယ်စုနှစ်အတွင်း နှစ်စဉ် (၁.၁) ရာခိုင်နှုန်းတိုးလာမည်ဖြစ်၍ ကမ္ဘာ့အကြီးဆုံး စားနပ်ရိက္ခာတင်သွင်းသည့် တရုတ်နိုင်ငံသည် ပြည်ပမှ ဝယ်ယူမှု သိသိသာသာ လျော့နည်းသွားမည်ဖြစ်ကြောင်း အစီရင်ခံစာတစ်စောင်အရ သိရှိရပါသည်။

စိုက်ပျိုးဧရိယာများတည်ငြိမ်နေမှုနှင့် ကုန်ထုတ်စွမ်းအား မြင့်တက်မှုတို့ကြောင့် တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထုတ်လုပ်မှုသည် ယခုနှစ်တွင် မက်ထရစ်တန်ချိန် (၇၀၄)သန်းနှင့် ၂၀၃၃ ခုနှစ်တွင် အမြင့်ဆုံးတန်ချိန် (၇၆၆)သန်းအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ ဈေးကွက်ကြိုတင်သတိပေးရေးကော်မတီက ပြုစုသည့် China Agricultural Outlook 2024-33 အရ သိရှိရပါသည်။

၂၀၃၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ လယ်ယာမြေတစ်ဟက်တာလျှင် ပျမ်းမျှအားဖြင့် သီးနှံ(၆.၄၃) တန် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး လက်ရှိထွက်ရှိမှု(၅.၈၃)တန်နှင့် နှိုင်းယှဉ်ပါက နိုင်ငံ၏ စားနပ်ရိက္ခာလိုအပ်ချက်၏ (၉၁.၅)ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည်ဟု အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ သီးနှံတင်သွင်းမှုသည် ၂၀၃၃ ခုနှစ်တွင် တန်ချိန် (၁၁၀)သန်းသို့ လျော့ကျသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ယမန်နှစ်က သီးနှံတန်ချိန် (၁၆၀)သန်း တင်သွင်းခဲ့ပြီး ပဲပုပ်တန်ချိန် (၉၉.၄)သန်းရှိခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရှိရပါသည်။ တရုတ်နိုင်ငံသည် ၂၀၃၃ ခုနှစ်တွင် ပဲပုပ်တန်ချိန် (၇၈.၆)သန်းသာ တင်သွင်းနိုင်မည်ဟု အစီရင်ခံစာက ခန့်မှန်းထားကြောင်း သိရှိရပါသည်။

တရုတ်အာဏာပိုင်များသည် ဆန်နှင့် ဂျုံကဲ့သို့ အဓိကသီးနှံများတွင် အပြည့်အဝဖူလုံမှုရှိစေရန် အာရုံစိုက်လျက်ရှိကြောင်း၊ တိရစ္ဆာန်အစာနှင့် စားသုံးဆီအတွက် တင်သွင်းလာသောပဲပုပ်ကို မှီခိုအားထားနေရသော်လည်း ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်တွင် အားနည်းချက်များကြောင့် တရုတ်အစိုးရသည် အထွက်နှုန်းမြင့်သောမျိုးကွဲများ ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးဧရိယာများ တိုးချဲ့ခြင်းမှ တစ်ဆင့် ပြည်တွင်းပဲပုပ် ထုတ်လုပ်မှုကို မြှင့်တင်ရန် လှုံ့ဆော်ပေးခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၄ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့သည့် အဆိုပါအစီရင်ခံစာကို ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် China Agriculture Outlook Conference တွင် ထုတ်ပြန်ခဲ့ပြီး ကွန်ဖရင့်ကို တရုတ်စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီ၏ စိုက်ပျိုးရေးသတင်းအချက်အလက်ဌာနမှ ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် မဟာဗျူဟာမြောက် ထွန်းသစ်စစက်မှုလုပ်ငန်းများကို အားပေးရန်နှင့် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန် ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်လျက်ရှိကြောင်း သိရှိရပါသည်။ CAAS ပါတီ အကြီးအကဲ Yang Zhenhai က စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီသည် မျိုးရိုးဗီဇ ပြုပြင်မှု၊ ပေါင်းစပ်ဇီဝဗေဒ၊ ဒစ်ဂျစ်တယ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသောအစိမ်းရောင်နည်းပညာစသည့် နယ်ပယ်များတွင် အခြေခံသုတေသနနှင့် အဓိကကျသောနည်းပညာဆိုင်ရာ တိုးတက်မှုများကို အာရုံစိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး ရည်မှန်းချက်ကို ပြည့်မီစေရန် ကြိုးပမ်းရာတွင် ကမ္ဘာကြီးသည် နောက်ကျကျန်နေပြီဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသည် ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်ကို တည်ငြိမ်မှုရှိစေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ တရုတ်ကိုယ်စားလှယ် Sheikh Ahaduzzaman က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကုလသမဂ္ဂ၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် လူပေါင်း (၇၃၅)သန်းခန့် (သို့မဟုတ်) ကမ္ဘာ့လူဦးရေ၏ (၉.၂)ရာခိုင်နှုန်းသည် ကာလရှည် ငတ်မွတ်ခေါင်းပါးမှုဖြင့် ရင်ဆိုင်နေရပြီး ၂၀၁၉ ခုနှစ်၊ ကပ်ရောဂါအကြိုအဆင့်တွင် ရှိခဲ့သည့်ပမာဏထက် များစွာမြင့်တက်လာကြောင်း သိရှိရပါသည်။

နောက်ထပ် လူ (၂.၄)ဘီလီယံသည် အသင့်အတင့်မှ ပြင်းထန်သော စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရပြီး အာဟာရလုံလောက်စွာ မရရှိကြောင်း၊ ၂၀၁၉ ခုနှစ်တွင် (၃၉၁) သန်းသာရှိခဲ့ရာမှ ယခုကဲ့သို့ တိုးလာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်ဗဟိုအစိုးရက ယခုလတွင် ထုတ်ပြန်ခဲ့သည့် လမ်းညွှန်ချက်တွင် တရုတ်နိုင်ငံ၏ နှစ်စဉ် ကောက်ပဲသီးနှံထုတ်လုပ်မှုကို ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် သန်း (၅၀)ကျော် မြှင့်တင်ရန်

Agribusiness & Trade

ရည်ရွယ်ထားပြီး ပြောင်းနှင့် ပဲပုပ်ကို အဓိကထားကြောင်း၊ ကောက်ပဲသီးနှံအထွက်နှုန်းသည် ၂၀၃၀ ပြည့်နှစ်တွင် တစ်ဟက်တာလျှင် (၆.၃)တန်ကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source:https://www.chinadaily.com.cn/a/202404/23/WS66270a95a31082fc043c3620.html

## တရုတ်နိုင်ငံ၏ အခြား BRICS အဖွဲ့ဝင်များနှင့် ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်တွင် (၁၁.၃)% မြင့်တက်လာခဲ့

တရုတ်နိုင်ငံ၏ အခြား BRICS အဖွဲ့ဝင်များနှင့် ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်တွင် ယွမ် (၁.၄၉)ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၀၉.၇ ဘီလီယံ) ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၁၁.၃) % တိုးတက်ခဲ့ကြောင်း အကောက်ခွန်အာဏာပိုင်များက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အဆိုပါကာလအတွင်း BRICS အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုတန်ဖိုးသည် နိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး၏ (၁၄.၇)%ရှိကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)မှ ပြောကြားခဲ့ကြောင်း၊ BRICS အဖွဲ့ဝင်များအနက် ဘရာဇီးလ်သို့ တရုတ်နိုင်ငံမှ ပို့ကုန်သည် ပထမသုံးလပတ်တွင် (၂၅.၇)%နှင့် ဘရာဇီးလ်မှ တင်သွင်းမှုသည် (၃၀.၁)% အသီးသီး မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

အလားတူကာလအတွင်း တရုတ်နှင့် ရုရှားနိုင်ငံတို့အကြား ကုန်သွယ်မှုသည် ဆက်လက်တိုး တက်လာခဲ့ကြောင်း၊ စွမ်းအင်၊ မော်တော်ကားများ၊ စက်ယန္တရားများနှင့် စက်ကိရိယာများကဲ့သို့ ကုန်ပစ္စည်းများ ကုန်သွယ်မှုမြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း GACC မှ ဖော်ပြထားသည်ဟု သိရှိရပါသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုသည် ပထမသုံးလပတ်တွင် (၈.၅)% တိုးလာခဲ့ပြီး သုံးလပတ် (၅)ခုဆက်တိုက် တိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းမှာပင် အာဖရိကတိုက်တွင် တရုတ်၏ အကြီးဆုံးကုန်သွယ်ဖက်အဖြစ် (၁၄) နှစ် ဆက်တိုက်ရပ်တည်နေသည့် တောင်အာဖရိကသည် တရုတ်နှင့် ကုန်သွယ်မှုတွင် ခိုင်မာသော တိုးတက်မှုကို မြင်တွေ့ခဲ့ရကြောင်း၊ ပထမသုံးလပတ်အတွင်း တောင်အာဖရိကသို့ တရုတ်နိုင်ငံ၏ ပို့ကုန်စုစုပေါင်းမှာ ယွမ် (၃၅.၁၁)ဘီလီယံရှိပြီး တောင်အာဖရိကနိုင်ငံမှ တင်သွင်းမှုမှာ ယွမ် (၆၆.၄၆) ဘီလီယံရှိကြောင်း GACC မှ ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် စွမ်းအင်ကုန်သွယ်မှုတွင် ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့နှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းထားကြောင်း အကောက်ခွန်ဆိုင်ရာ အချက်အလက်များက ဖော်ပြနေပြီး အဆိုပါနှစ်နိုင်ငံသည် ပထမသုံးလပတ်တွင် တရုတ်နိုင်ငံသို့ တင်သွင်းသည့် စွမ်းအင်ထုတ်ကုန်များ၏ ထိပ်တန်းအရင်းအမြစ် (၁၀)ခုတွင် ပါဝင်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်သည် အခြေခံအဆောက်အအုံနယ်ပယ်တွင် အီဂျစ်၊ အီသီယိုးပီးယားတို့နှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်ခဲ့ပြီး ပထမသုံးလပတ်တွင် အထက်ပါနှစ်နိုင်ငံသို့ တရုတ်မှ စာချုပ်ချုပ်ဆိုထားသော စီမံကိန်းများအတွက် တင်ပို့မှုမှာ လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း GACC ၏ အချက်အလက်များအရ သိရှိရပါသည်။

ထိုအတောအတွင်း တရုတ်မှထုတ်လုပ်သော ကုန်ပစ္စည်းများသည် အီရန်တွင် ရေပန်းစားခဲ့ပြီး ပထမသုံးလပတ်တွင် အီရန်ဈေးကွက်မှ ဝယ်ယူသည့် တရုတ်ပို့ကုန်ပစ္စည်းများသည် တစ်နှစ်ထက် တစ်နှစ် (၁၅.၂)% တိုးလာကြောင်း အချက်အလက်များတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

BRICS နိုင်ငံများအကြား ကုန်သွယ်မှုသည် ကမ္ဘာ့စုစုပေါင်းကုန်သွယ်မှု၏ (၂၀)% ခန့်ရှိသည်ဟု GACC ၏ စာရင်းအင်းဌာနမှ ဒါရိုက်တာ Lyu Daliang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ BRICS နိုင်ငံများအကြား ကုန်သွယ်မှုတိုးတက်ရန် အလားအလာကောင်းများ ကျန်ရှိနေဆဲဖြစ်ပြီး ယင်းအဖွဲ့သည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်မြှင့်တင်ရန် မျှော်လင့်ထားကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

BRICS သည် အစပိုင်းတွင် ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ ပါဝင်သည့် ထွန်းသစ်စဈေးကွက်များအကြား ပူးပေါင်းဆောင်ရွက်ရေးယန္တရားအတွက် အတိုကောက်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ဆော်ဒီအာရေဗျ၊ အီဂျစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီရန်နှင့် အီသီယိုးပီးယားတို့သည် BRICS နှင့် ပူးပေါင်းခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်းနင်းမြို့

Source:https://www.chinadaily.com.cn/a/202405/01/WS6631e369a31082fc043c501e.html

.....................................................................................................

Agribusiness & Trade

## ရှန်ဟိုင်းသည် တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းကို အမေရိကန်ဒေါ်လာ (၄၀)ဘီလီယံနီးပါးအထိ ရောက်ရှိရန် တွန်းအားပေးခဲ့

တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း သိသိသာသာ တိုးတက်မှုရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ယွမ်ငွေ(၂၆၅.၄)ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၆.၇ ဘီလီယံ) အထိရောက်ရှိလာကြောင်းနှင့် ထို့သို့တိုးတက်လာစေရန်အတွက် ရှန်ဟိုင်းသည် များစွာအထောက် အကူပြုခဲ့ကြောင်း ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာကော်ဖီပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ ကြောင်း အစီရင်ခံစာတစ်ခုအရ သိရှိရပါသည်။

Hongqiao International Coffee Hub၊ Shanghai Jiao Tong University၊ အွန်လိုင်း ဝန်ဆောင်မှုပလပ်ဖောင်း Meituan နှင့် အစားအသောက်ပို့ဆောင်ရေးပလပ်ဖောင်း Eleme တို့မှ ပူးပေါင်းထုတ်ဝေသည့် China's Urban Coffee Development Report 2024 တွင် လွန်ခဲ့သော သုံးနှစ်အတွင်း တရုတ်ကော်ဖီလုပ်ငန်း၏ နှစ်အလိုက် ပျမ်းမျှစုပေါင်းတိုးတက်မှုနှုန်းသည်(၁၇.၁၄)% သို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံတွင် တစ်ဦးချင်း ကော်ဖီသောက်သုံးမှုပမာဏသည် ၂၀၁၆ ခုနှစ်တွင် (၉) ခွက် သာရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် (၁၆.၇၄)ခွက်အထိ နှစ်ဆနီးပါးရှိလာသည်ဟု အစီရင်ခံစာ၌ ဖော်ပြ ထားကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းတွင်ပင် ရှန်ဟိုင်းသည် ၂၀၂၃ ခုနှစ်အကုန်တွင် ကော်ဖီဆိုင်ပေါင်း (၉၅၅၃) ရှိကာ ကမ္ဘာတစ်ဝန်း၌ ကော်ဖီဆိုင်အရေအတွက်အများဆုံးအဖြစ် ဆက်လက်ဦးဆောင်နေ ကြောင်း သိရှိရပါသည်။

ရှန်ဟိုင်းရှိ ကော်ဖီဆိုင်အရေအတွက်သည် နိုင်ငံတစ်ဝန်းရှိ စုစုပေါင်းအရေအတွက်၏(၆.၁)% ရှိပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကော်ဖီဆိုင်(၁၀၂၃) တိုးလာသည်ဟု Shanghai Jiao Tong University ၏ သတင်းနှင့်ဆက်သွယ်ရေးကျောင်း၏ ဒုတိယဌာနမှူး Xu Jian က ပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းမှာပင် ရှန်ဟိုင်းသည် တရုတ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုအတွက် အရေးပါသော မြို့တစ်မြို့ဖြစ်လာပြီး နိုင်ငံခြားကော်ဖီလုပ်ငန်းများအတွက် အချက်အချာကျသောမြို့ဖြစ်လာကာ ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားကော်ဖီကုမ္ပဏီပေါင်း (၃၈၄,၈၅၉)အထိ ရောက်ရှိလာခဲ့ကြောင်း Xu က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ထွန်းကားလာသောကော်ဖီယဉ်ကျေးမှုသည် ဒေသထွက်ကော်ဖီထုတ်ကုန်များဆီသို့ ကမ္ဘာ တစ်ဝန်းမှ အာရုံစိုက်လာကာ လက်ဖက်အခြေခံကော်ဖီနှင့် လတ်ဆတ်အုန်းစိမ်းကော်ဖီကဲ့သို့သော တရုတ်လူမျိုးများအထူးနှစ်သက်သော ကော်ဖီများကို ပိုမိုဆန်းသစ်တီထွင်လာကြကြောင်း Xu မှ ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Agribusiness & Trade

အစားအသောက်ပို့ဆောင်ရေးပလပ်ဖောင်း Eleme ၏ အချက်အလက်အရ ရှန်ဟိုင်းရှိ ကော်ဖီဝယ်ယူသည့် အမှာစာများသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း (၄၀)ရာခိုင်နှုန်း တိုးလာကာ အဓိကကော်ဖီသောက်သုံးသူအုပ်စုသည် အသက် (၂၈)နှစ်မှ (၄၃)နှစ်အကြားဖြစ်ကြောင်း သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း အသက် (၁၂)နှစ်မှ (၂၇)နှစ်အကြား စားသုံးသူများ၏ ကော်ဖီအမှာစာများ တိုးလာသောကြောင့် အနာဂတ်တွင် အလားအလာရှိသော စားသုံးမှုစွမ်းအားဖြစ်လာနိုင်ကြောင်းနှင့် Eleme မှတစ်ဆင့် ကော်ဖီအမှာစာတင်သူ (၇၀)ရာခိုင်နှုန်းနီးပါးမှာ အမျိုးသမီးများဖြစ်ကြောင်း Eleme မှ ပြည်သူ့ရေးရာ ဒါရိုက်တာ Cheng Yuanyuan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရှန်ဟိုင်းတစ်မြို့တည်း၌ပင် ပါဆယ်ရောင်းချသည့် ကော်ဖီအရေအတွက်သည် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံအတွင်းရှိ မြို့အားလုံး၏ (၂၀)ရာခိုင်နှုန်းအထိ ရှိသည်ဟု Cheng မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရှန်ဟိုင်းသည် တရုတ်ကော်ဖီယဉ်ကျေးမှု၏ မွေးရပ်မြေဖြစ်ပြီး ကော်ဖီသည် မြို့ပြယဉ်ကျေးမှု၏ ထူးခြားသောသင်္ကေတတစ်ခု ဖြစ်လာကြောင်းနှင့် ယနေ့အချိန်၌ ရှန်ဟိုင်းသည် ကော်ဖီသောက်သုံးမှုတွင် ကမ္ဘာ့အဆင့်မီမြို့တစ်ခုဖြစ်လာပြီး ကမ္ဘာတစ်ဝန်းမှ လူငယ်များကို ရှန်ဟိုင်းသို့လာရန်၊ ရှန်ဟိုင်းတွင်နေရန်နှင့် ရှန်ဟိုင်းကို ချစ်မြတ်နိုးရန် အရေးကြီးသော အကြောင်းပြချက်တစ်ခုလည်းဖြစ်သည်ဟု ရှန်ဟိုင်းမြူနီစပယ်၏ ပြည်သူ့ဆက်ဆံရေးဌာန လက်ထောက်အကြီး အကဲ Wang Yayuan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ရှန်ဟိုင်းနိုင်ငံတကာ ကော်ဖီယဉ်ကျေးမှုပွဲတော်သည် Lavazza နှင့် Costa ကဲ့သို့သော နိုင်ငံတကာအမှတ်တံဆိပ်များနှင့် ဒေသတွင်း အထူးကော်ဖီအမှတ်တံဆိပ်များ အပါအဝင် ကော်ဖီဆိုင်ပေါင်း (၁၈၀)ကျော်ကို ဆွဲဆောင်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်ကော်ဖီယဉ်ကျေးမှုပွဲတော်သည် ခရိုင် (၁၆)ခုအပြင် Lin-gang New Area နှင့် လည်း ပူးပေါင်းကာ Bund Finance Center တွင် Bund Coffee Festival၊ Changning ခရိုင်၌ ကော်ဖီဒရာမာပွဲတော်၊ ပူတူအိုခရိုင်ရှိ ကော်ဖီစခန်းချခြင်း ယဉ်ကျေးမှုပွဲတော်နှင့် Minhang ခရိုင်ရှိ ကမ္ဘာ့ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်စသည့် ပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://www.chinadaily.com.cn/a/202405/01/WS6631eea3a31082fc043c5022.html

.............................................................................................................

## ရုရှားအစိုးရက ဓာတ်မြေဩဇာအကောက်ခွန်မဲ့တင်ပို့ခြင်းအတွက် ခွဲတမ်းသတ်မှတ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ဓာတ်သတ္တုဓာတ်မြေဩဇာများ အကောက်ခွန်မဲ့တင်ပို့မှုအတွက် ခွဲတမ်းစုစုပေါင်း တန်ချိန် ၁၉.၇ သန်းကျော် သတ်မှတ်ထားပြီး အဆိုပါအမိန့်ကို ရုရှားဝန်ကြီးချုပ် Mr. Mikhail Mishustin က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။

နိုက်ထရိုဂျင်ဓာတ်မြေဩဇာများ (ယူရီးယား၊ ယူရီးယား-အမိုနီယမ် အရောအနှော၊ အမိုနီယမ်နိုက်ထရိတ်)အတွက် တန်ချိန် ၁၂.၄ သန်းကျော်နှင့် အခြား ဓာတ်မြေဩဇာများအတွက် တန်ချိန် ၇.၃ သန်းကျော် အပါအဝင် စုစုပေါင်းပို့ကုန်ခွဲတမ်းမှာ တန်ချိန် ၁၉.၇ သန်း ကျော်ရှိမည်ဖြစ်သည်။ ရုရှားစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်လုပ်ငန်းရှင်များအကြား ပို့ကုန်ခွဲတမ်းပမာဏကို ခွဲဝေသတ်မှတ်ပေးရန် တာဝန်ရှိသည်။

အဆိုပါခွဲတမ်းပမာဏများသည် Abkhazia နှင့် South Ossetia နိုင်ငံများအတွက် ဓာတ်မြေဩဇာများ ထောက်ပံ့မှုတွင် အကျုံးဝင်မည်မဟုတ်ကြောင်း သိရသည်။ သမ္မတ၏ ညွှန်ကြားချက်အရ ရုရှားနိုင်ငံမှ ဓာတ်သတ္တုဓာတ်မြေဩဇာများ တင်ပို့မှုခွဲတမ်းကို သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် ပြည်တွင်းဈေးကွက်တွင် ဓာတ်မြေဩဇာကို လုံလောက်သောပမာဏအား ထောက်ပံ့ပေးနိုင်ပြီး နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုကို အာမခံပေးနိုင်မည်ဖြစ်ကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ရုရှားအစိုးရသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်အထိ နိုက်ထရိုဂျင်ဓာတ်မြေဩဇာများ တန်ချိန် ၉.၈၁ သန်း အပါအဝင် စုစုပေါင်းဓာတ်မြေဩဇာ တင်ပို့မှုအပေါ် အကောက်ခွန်မဲ့ ခွဲတမ်းပမာဏကို တန်ချိန် ၁၆.၉၅ သန်း သတ်မှတ်ခဲ့ပါသည်။

ဓာတ်သတ္တုဓာတ်မြေဩဇာများ တင်ပို့ခြင်းအတွက် အကောက်ခွန်မဲ့ခွဲတမ်းကို ပြည်တွင်းစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းအား ကာကွယ်တားဆီးရန် အစီအမံများထဲမှ တစ်ခုဖြစ်ပြီး အဆိုပါအစီအမံသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့ကာ အကြိမ်ကြိမ်သက်တမ်းတိုးလျက်ရှိကြောင်း သိရှိရပါသည်။

အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် ရုရှားသည် နိုင်ငံပေါင်း ၇၂ နိုင်ငံသို့ ဓာတ်မြေဩဇာများ တင်ပို့ခဲ့ပြီး စုစုပေါင်းတန်ချိန် ၃၂ သန်းရှိကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံနီးပါးရှိကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် ဘရာဇီး၊ အိန္ဒိယနှင့် အမေရိကန်တို့သည် ရုရှားဓာတ်မြေသြဇာများကို အများဆုံးဝယ်ယူတင်သွင်းခဲ့သည့်နိုင်ငံများဖြစ်ခဲ့ပြီး ရုရှားနိုင်ငံ၏ တင်ပို့မှုစုစုပေါင်း ၆၀ ရာခိုင်နှုန်းခန့်ဖြစ်သည့် တန်ချိန် ၁၈.၅ သန်းရှိကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://ria.ru/20240428/udobreniya-1942895745.html

https://www.garant.ru/products/ipo/prime/doc/408860093/

## ရုရှားရင်းနှီးမြှုပ်နှံမှုသည် အိန္ဒိယစီးပွားရေး၏ မဟာဗျူဟာမြောက်ကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၁.၂၆ ဘီလီယံအထိ ရောက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အာကာသ၊ ကာကွယ်ရေး၊ ဓာတု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အခြားသော မဟာဗျူဟာမြောက်ကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၁.၂၆ ဘီလီယံအထိ ရောက်ရှိလာခဲ့ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက အတွင်းရေးမှူး Mr. Rajesh Kumar Singh မှ ပြောကြားခဲ့သည်။

အိန္ဒိယ၏အချက်အလက်များအရ ရုရှားမှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အာကာသယာဉ်နှင့် ကာကွယ်ရေးကဏ္ဍ၊ ဓာတုဗေဒပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် မီးရထားလမ်းများကဲ့သို့သော ကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၁.၂၆ ဘီလီယံခန့်ရှိကြောင်း ပထမဆုံး ရုရှား-အိန္ဒိယဖိုရမ်ဖွင့်ပွဲတွင် Mr. Rajesh Kumar Singh က ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုများ၊ မဟာဗျူဟာအရ အရေးကြီးသော တွင်းထွက်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ၊ မီးရထားလမ်း၊ ဆိပ်ကမ်း၊ သင်္ဘောများနှင့် ဆက်စပ်သောလုပ်ငန်းများဆိုင်ရာ နယ်ပယ်များတွင် ရုရှားနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်ရန် မျှော်လင့်ထားကြောင်း Mr. Singh က ပြောကြားခဲ့ ပါသည်။

ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ရည်မှန်းချက်များကိုကျော်လွန်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယ၏ စမတ်ဖုန်းများသည် ရုရှားနိုင်ငံသို့ အဓိကတင်ပို့သည့် ထုတ်ကုန်တစ်ခုဖြစ်လာကြောင်း၊ ယင်းလအတွင်းတွင် ရုရှားသို့ စမတ်ဖုန်းတင်ပို့မှုသည် စံချိန်တင်ပမာဏ အမေရိကန်ဒေါ်လာ ၃၆ သန်းအထိရောက်ရှိခဲ့ပြီး ၁၂ ဆ

တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ အိန္ဒိယသည် ရုရှား၏ ရေနံစိမ်းတင်သွင်းမှု ၄၀.၃ ရာခိုင်နှုန်း ရှိကြောင်း သိရှိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://tass.ru/ekonomika/20671049

…………………………………………………………………………………………………

Agribusiness & Trade